# သင်ခန်းစာ (၂)

ပထမပိုင်း - ခြုံငုံသုံးသပ်ချက်

ဗျာဒိတ်ကျမ်းပိုဒ်တွေဟာဆန့်ကျင်ဖက်သဘောများနဲ့အမြဲတမ်းရွေးချယ်မှုကို ပြုစေပါတယ်။ နဂါး (သို့မဟုတ်) သိုးသငယ်တစ်ခုခုကို ကိုးကွယ်ရန်ရွေးချယ်ရမယ်။ သားရဲ တံဆိပ်(သို့မဟုတ်) ဘုရားသခင်ရဲ့ အမှတ်လက္ခဏာတစ်ခုခုကို လက်ခံရမယ်။ ဉာဏ်များပြီး ဖောက်ပြန်တဲ့မိန်းမအဖြစ်ပုံဆောင်ထားတဲ့ စာတန်ရဲ့ ဘာသာရေးအတုအယောင် လှုပ်ရှား မှုထဲ ကျရှုံးမလား၊ ဝတ်ဖြူစင်ကြယ်နဲ့မိန်းမအဖြစ်ပုံဆောင်တဲ့ ဘုရာသခင်ရဲ့ မှန်ကန်တဲ့ အသင်းတော်ထဲမှာ သွားလာမလား။ ဝိညာဉ်ရေးဖာက်ပြန်တဲ့အယူဝါဒတွေကို လက်ခံမလား၊ ယေရှုရှလင်မြို့သစ်ရဲ့သမ္မာတရား၌ပျော်မွေ့မလား ဆိုတာရွေးချယ်မှုအမြဲလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ဒီဥပုသ်အပတ်မှာ ဗျာဒိတ်ကျမ်း ၁၄း၁၄-၂၀ မှာ ဖော်ပြထားတဲ့ ရိတ်သိမ်းခြင်း နှစ်မျိုး အကြောင်း လေ့လာသွားမှာဖြစ်ပါတယ်။ ရွှေရောင်စပါးနှံများကိုရိတ်သိမ်းပြီး ဘုရာသခင်ရဲ့ စပါးကျီးမှာစုသိမ်းခြင်းနဲ့ စပျစ်သီးမှည့်တို့ကို ဘုရားသခင်ရဲ့အမျက်တော် တည်းဟူသော စပျစ်သီးနယ်ရာ စက်ထဲသို့ ထည့်ခြင်း အကြောင်း များဖြစ်သည်။

ကျမ်းစာအားဖြင့် ဘုရားသခင်သည် ရိတ်သိမ်းခြင်းသာဓကများကို ကိုယ်တော်၏ ကရုဏာအားဖြင့် ဝိညာဉ်ကယ်ဆင်ခြင်းလုပ်ငန်းများတွင်ပြည့်စုံစွာလုပ်ဆောင်ခြင်းကို ဖော်ညွှန်း ထားသည်။ ဝမ်းမြောက်ဖွယ် သတင်းစကားကို ကမ္ဘာအရပ်ရပ်သို့ပျံ့နှံ့၍ ထိုအမှုတော်ပြီးစီးလျှင် ''အဆုံးသည်ဖြစ်လတ္တံ့'' (မသဲခရစ်ဝင် ၂၄း၁၄) ရှင်မာကုခရစ်ဝင်ကျမ်း၌ ''အသီးမှည့်၍ရိတ်သိမ်းချိန်ရောက်သောအခါ၊ လယ်ရှင်သည် အဆိုင်းမလင့် တံစဉ်နှင့် ရိတ်စေတတ်သည်'' ဟု မိန့်တော်မူ၏။ (မာကုခရစ်ဝင် ၄း၂၉) ရိတ်သိမ်းချိန်သည် ကမ္ဘာ၏နောက်ဆုံး အချိန် ဖြစ်သည်'' ဟု ယေရှုခရစ်တော်ပြောကြားထား သည်။ (မသဲခရစ်ဝင် ၁၃း၃၉) သခင်ခရစ်တော်ဒုတိယအကြိမ် မကြွလာခင် ကမ္ဘာပေါ်ရှိ လူသားအားလုံးဟာ သူ့ရဲ့ချစ်ခြင်းမေတ္တာကိုတုံ့ပြန်ရန် တာဝန်ရှိသည်။ သူ၏ ကရုဏာတော်ကို လက်ခံ၍၊ သူ၏သမ္မာတရားလမ်း၌ လျှောက်လှမ်းရမည်။ ဒီဥပုသ်အပတ်မှာ ကမ္ဘာကြီး၏ နောက်ဆုံးရိတ်သိမ်းခြင်းမှာ မှည့်ဝင်းတဲ့ စပျစ်သီးမဟုတ်ဘဲရွှေရောင်စပါးနှံများအဖြစ် ရိတ်သိမ်းခြင်း၌ ကျွန်ုပ်တို့ ဘယ်လိုပါဝင်ရမလဲဆိုတာ လေ့လာ သွားမှာဖြစ်ပါသည်။

ဒုတိယအပိုင်း - ရှင်းလင်းတင်ပြချက်

ဗျာဒိတ်ကျမ်း ၁၄း၁၄-၂၀ဟာ ဗျာဒိတ်ကျမ်း ၁၄း၆-၁၂မှာ ဖော်ပြထားတဲ့ ကောင်းကင်တမန်သုံးပါး သတင်းစကားကို ''လောကီနိုင်ငံအရပ်ရပ်၊ လူအမျိုးအနွယ်ခပ်သိမ်းအားလုံး'' ကို ကြီးသောအသံနှင့် ဟောပြော ပြီးမှ ရရှိသော အဖြေကိုဖော်ပြထားခြင်းဖြစ်သည်။ ကောင်းကင်တမန်သုံးပါးသတင်းစကား ကြွေးကြော်ပြီး မှသာ သခင်ခရစ်တော်ဒုတိယအကြိမ် ကြွလာမှာဖြစ်ပါတယ်။ ဒီသတင်းစကားဟောပြောခြင်းဟာ သခင်ခရစ်တော် ဒုတိယအကြိမ် ကြွလာခြင်းအတွက်ပြင်ဆင်ပေးမှာဖြစ်ပါတယ်။ ဒီသတင်းစကားတွေဟာ ထာဝရတည်တဲ့ လက္ခဏာတွေဖြစ်ပါတယ်။ ဒီသတင်းစကားကိုလက်ခံခြင်းဟာ ထာဝရအသက်ရရှိခြင်းဖြစ်ပါ တယ်။ ဒီသတင်း စကားကို ငြင်းပယ်ရင် ရရှိမယ့်အဖြေကတော့ ဒုတိယသေခြင်းနဲ့အတူ ပိုင်ဆိုင်တဲ့အရာခပ်သိမ်း ထာဝရ ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။

ဗျာဒိတ်ကျမ်း ၁၄း၁၄မှာ ရှင်ယောဟန်က ''တဖန်ငါကြည့်လျှင် လူသားတော်နှင့် တူသောသူသည် မိုးတိမ်ပေါ်၌ထိုင်တော်မူ၏။'' သမ္မာကျမ်းစာအရ မိုးတိမ်သည် ဘုရားသခင် တည်ရှိခြင်းကို ပုံဆောင်သည်။ ဣသရေလလူမျိုးများအီဂျစ်ပြည်မှ ထွက်လာချိန်၌ ''ဘုရား သခင်သည် နေ့အချိန်၌ မိုးတိမ်တိုင်အားဖြင့် သူတို့ ရှေ့က ကြွ၍ လမ်းပြတော်မူ၏။'' (ထွက်မြောက်ရာကျမ်း ၁၃း၂၁) သိနာတောင်ပေါ်၌ မောရှေသည် ပညတ်တော် ဆယ်ပါးကို လက်ခံစဉ် ''မိုးတိမ်သည် တောင်ကိုဖုံးလွှမ်းတော်မူသည်'' ဟု မှတ်တမ်းတင်လျှက်ရှိသည်။ (ထွက်မြောက်ရာကျမ်း ၂၄း၁၅) ဘုရားသခင်၏ဘုန်းတော်သည် သိနာတောင်၌တည်ရှိခဲ့စဉ် ''မိုးတိမ်သည် ခြောက်ရက်ပတ်လုံး သိနာတောင်ကိုဖုံးလွှမ်းလျှက်ရှိသည်'' (ထွက်မြောက်ရာကျမ်း ၁၄း၁၆) တောင်၌ လှည့်လည် စဉ် တဲတော်တံခါးဝ၌ မိုးတိမ်ရှိခြင်း ဖြင့် ဘုရားသခင်တည်ရှိကြောင်းဖော်ပြခဲ့သည်။ ယဇ်ပုရောဟိတ်သည် အသန့်ရှင်းဆုံး အခန်းထဲသို့ ဝင်ရောက်စဉ် ''ကရုဏာပလ္လင်အထက်၌ မိုးတိမ်ရှိခြင်းဖြင့်'' (ဝတ်ပြုရာကျမ်း ၁၆း၂) ဘုရားသခင်တည်ရှိကြောင်းသိစေသည်။ ဒံယေလကျမ်း ၇း၉-၁၄ရဲ့ခမ်းနားထည်ဝါတဲ့ တရားစီရင်ခန်းမှာ ''လူသားနှင့် တူသော သူတစ်ဦးသည် မိုးတိမ်ကိုစီးလျက် အသက်ကြီးသော သူ၏အထံတော်သို့ ရောက်လာ၏။'' (ဒံယေလ ၇း၁၃) ဟုဖော်ပြထားပါတယ်။ (တမန်တော်ဝတ္တု ၁း၉)မှာလည်း သခင်ယေရှုသည်မိုးတိမ်အားဖြင့် ကောင်းကင်သို့တက်ကြွတော်မူ၍ (ဗျာဒိတ်ကျမ်း ၁း၇) မိုးတိမ်ကိုစီးလျှက် ဘုန်းတန်ခိုးအာနုဘော်နှင့် ပြန်ကြွလာမည်ဖြစ်သည်။

''လူသား''ဟူသော အမည်နာမသည် သခင်ယေရှုနှစ်သက်သော အမည်နာမ ဖြစ်သည်။ ခရစ်ဝင်ကျမ်းလေးကျမ်း၌ ထိုအမည်ကို အကြိမ်ပေါင်း ၈၀ ထက်မနည်းဖော်ပြ ထားသည်။ ယေရှုသည်မည်သူမျှ သတိ မထားမိသော နာမည်အားဖြင့် မိမိကိုယ်ကိုဖော်ပြ ခြင်းဖြစ်သည်။ သခင်ယေရှုသုံးနှုန်းသော လူသား ဟူသောနာမသည် လူဇာတိလုံးလုံးဖြစ် ကြောင်းဖော်ပြထားသည်။ သူသည် ''ကျွန်ုပ်တို့နှင့်အတူရှိသူ'' ဖြစ်သည်။

ကျွန်ုပ်တို့နှင့်အလွန် နီးကပ်စွာရှိသော ကယ်တင်ရှင်ဖြစ်သည်။ သူသည်ကျွန်ုပ်တို့၏အားနည်းခြင်း၊ ဒုက္ခဆင်းရဲခြင်းများနှင့်တွေ့ကြုံရသောအခါ ခံစားရသော ဝမ်းနည်းခြင်းများကို သိပါသည်။ ဟေဗြဲသြဝါဒစာ၌ ''ထိုသူငယ်တို့သည် အသွေးအသားနှင့်ဆက်ဆံကြသောကြောင့်၊ ခရစ်တော်သည်အသေခံတော်မူသောအားဖြင့်၊ သေခြင်းတရားကိုအစိုးရသောသူ တည်းဟူသော မာရ်နတ်၏တန်ခိုးကိုချိုးဖဲ့ဖျက်ဆီးခြင်းငှါ၎င်း၊ သေဘေးကိုကြောက်၍ တသက်လုံး ကျွန်ခံရသော သူတို့ကို ကယ်လွတ်ခြင်းငှါ၎င်း၊ ထိုသူငယ်တို့ နည်းတူအသွေး အသားကိုဆောင်ယူတော်မူ၏။'' (ဟေဗြဲသြဝါဒစာ ၂း၁၄)

လူသားသည်ဘုန်းတော်နှင့် ကြွလာ၍ ကျွန်ုပ်တို့ကို အိမ်တော်သို့ခေါ်ဆောင်ရန် တဖန်ပြန်လာမည်။ ထိုယေရှုသည် ဂါလိလဲပြည် လမ်းမထက်၌ သွားလာခဲ့သောယေရှုပင် ဖြစ်သည်။ လူနာများကိုကုသပေးခဲ့သော ယေရှုပင်ဖြစ်သည်။ လူနူများကိုသန့်ရှင်းစေသည်။ မျက်မမြင်ကို မျက်စိအလင်းပြန်ရစေသည်။ နားပင်းသူများကိုပြန်ကြားစေသည်။ စာတန်၏ ချုပ်နှောင်ခြင်းမှ လွတ်မြောက်စေခဲ့သည်။ အိမ်ထောင်ရေး ဖောက်ပြန်သူများ၊ သူခိုးများ၊ တစ်ကိုယ်ကောင်းဆန်သော ဖာရိရှဲများ၊ အမှားမှား အယွင်းယွင်း လုပ်တတ်သော တပည့်တော်များကို သခင်ယေရှုခွင့်လွှတ်သည်။ ထိုလူ့ဇာတိခံခဲ့ပြီးသော ယေရှုပင်တဖန် ပြန်ကြွလာအုံးမည်။ သခင်ယေရှုနှစ်သက်သောနာမကိုပင် ရှင်ယောဟန်အသုံးပြု၍ ကိုယ်တော်အသေခံသော ကပ်တိုင်တော်အားဖြင့် ရွေးနှုတ်ခြင်းရရှိစေရန် သေချာစေသည်။ ကရုဏာတော်ကိုလက်ခံ၍ ဟေရှာယအနာဂတ္တိ၌ဖော်ပြသော ကတိတော် အတိုင်း ဘုန်းတော်နှင့် ပြည့်ဝသော ကိုယ်တော်ပြန်ကြွဆင်းလာမည့်နေ့၌ အထက်သို့မျှော်ကြည့်စဉ် ကျွန်ုပ်တို့ပုံသဏ္ဍာန်ပြောင်းလဲကာ ဝမ်းမြောက်ပျော်ရွှင်ခြင်း အတွေ့အကြုံကို ပြည့်ဝစွာ ခံစားကြရမည်။ ထိုနေ့၌ ''ထိုကာလ၌ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့မြော်လင့်သော ငါတို့၏ဘုရားသခင်တည်း။ ငါတို့ကို ကယ်တင် တော်မူလိမ့်မည်။ ဤအရှင်ကား၊ ငါတို့ မြော်လင့်သော ထာဝရဘုရားတည်း။ ကယ်တင်တော်မူခြင်း ကျေးဇူးကြောင့်၊ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့ဟု ဆိုကြလိမ့်မည်။'' ( ဟေရှာယအနာဂတ္တိကျမ်း ၂၅း၉)

## ရိတ်သိမ်းပွဲအကြောင်း

မှည့်ဝင်း၍ရိတ်သိမ်းချိန်တန်ပြီ ဆိုသည်မှာ အဘယ်နည်း။

ဗျာဒိတ်ကျမ်း ၁၄း၁၅၌ ဖော်ပြသော ''ကောင်းကင်တမန်တစ်ပါးသည် ဗိမာန်တော်ထဲက ထွက်၍၊ ကိုယ်တော်၏တံစဉ်ကိုလွှတ်၍ စပါးကိုရိတ်တော်မူပါ။ ရိတ်ရသောအချိန်ရောက် ပါပြီ။ မြေကြီး၌ရိတ်စရာစပါးမှည့်ပါပြီ'' ဟု လူသားတော်ကို အထူးသဖြင့်ပြောဆိုခြင်းက ဘာကိုဆိုလိုပါသလဲ၊ လယ်သမားအများစုဟာ ရိတ်သိမ်းမှုမပြုခင်

စပါးမှည့်ချိန်ကို စောင့်ကြ ပါတယ်။ ထိုနည်းတူကောင်းကင်ရိတ်သိမ်းသူ သခင်ယေရှုဟာလည်း စပါးမှည့်ဝင်မှ ရိတ်သိမ်းရန် ပြန်ကြွလာမှာဖြစ်ပါတယ်။

ဗျာဒိတ်ကျမ်း ၂၂း၁၁၊၁၂ မှာကြတော့ရိတ်သိမ်းခြင်း ကို နောက်ပုံစံတစ်မျိုးနဲ့ ဖော်ပြထားပါတယ်။ ''မတရားသောသူသည် မတရားသဖြင့်ပြုစေဦး။ ညစ်ညူးသောသူသည် ညစ်ညူးစေဦး။ ဖြောင့်မတ်သောသူသည် ဖြောင့်မတ်စေဦး၊ သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး။ ငါသည်အလျင်အမြန်လာမည်။ ငါသည်အကျိုးအပြစ် ကို ဆောင်ခဲ့သည်ဖြစ်၍ လူအသီးသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်။''

ဘုရားသခင်ရဲ့နောက်ဆုံး သတင်းစကားပြောကြားသွန်သင်ခြင်းဟာ အမျိုးသား၊ အမျိုးသမီးများ အားလုံး ကို ထာဝရကာလအတွက် ဆုံးဖြတ်ချက်ချရန် လမ်းညွှန်နေပါတယ်။ ဝိညာဉ်တော်သည် မိမိကိုယ်ကိုသိစေရန် မိမိနှလုံးသားကို ဆန်းစစ်စေသည်။ ယေရှုခရစ်တော်၏ ချစ်ခြင်းမေတ္တာ၊ ကရုဏာနဲ့ ထာဝရအသက်ရရှိရန် အမှန်တရားကို လက်ခံမလော၊ ငြင်းပယ်မလော ကိုယ်တိုင်ရွေးချယ်ရမှာပါ။ မိမိ၏ အဆုံးသတ်အတွက် ဆုံးဖြတ်ချက်ကို ပြတ်သားစွာချရမည်။မှည့်ဝင်း၍ရိတ်သိမ်းချိန်တန်ပါပြီ။ ဤအချိန်၌ ကမ္ဘာပေါ်တွင် ဘုရား သခင်နှင့် ကတိသစ္စာ ပြုသောသူများ၏ တည်မြဲသောသစ္စာစောင့်သိမှုနှင့် မိမိ၏သစ္စာတရားကို နတ်ဆိုးထံတွင် အပ်နှံသူ လူနှစ်မျိုးရှိလမ့်မည်။

ဒီနေရာမှာ စကြာဝဠာတစ်ခုလုံးက ရွေးနှုတ်ခြင်းခံရသူများအပေါ် သခင် ခရစ်တော်၏ ဖော်ပြချက်၊ သူ၏စာရိတ္တတော်နှင့် ဆုံးရှုံးသွားသူများပေါ် စာတန်၏ စိတ်သဘောထားဖော်ပြချက်၊ သူ၏စာရိတ္တကို ရှင်းလင်းစွာမြင်ကြရမည်။

ဒီဒုတိယကဏ္ဍတာမှာ ဘုရားသခင်နိုင်ငံအတွက် ဘုန်းတော်နဲ့ပြည့်ဝတဲ့ ရိတ်သိမ်းခြင်း သတင်းစကားကို လေ့လာရခြင်းဖြစ်ပါတယ်။ ရှင်မာကု ၄မှာရိတ်သိမ်းခြင်းနဲ့ ဆိုင်တဲ့ စည်းမျဉ်းများကို ဖော်ပြချက်မှာ အယ်လင် ဂျီ ဝှိုက်ရေးသားချက်အရ '' အသီးမှည့်၍ ရိတ်သိမ်းချိန်ရောက်သောအခါ အဆိုင်းမလင့်ရိတ်သိမ်း၍ စုသိမ်းစေ၏'' သခင်ခရစ်တော်သည်အသင်းတော်၌ မိမိကိုယ်ကိုဖော်ပြရန်အချိန်ကြာမြင့်စွာ စောင့်လျက်ရှိသည်။ မိမိ လူမျိုးများ ကို ပိုင်ထိုက်သော ဘဏ္ဍာန်အဖြစ်သိမ်းယူရန် သခင်ခရစ်တော်၏ပြည့်စုံသော စာရိတ္တ အားဖြင့် ထိုက်တန်စေ တော်မူ၏။သခင်ခရစ်တော်ကြွလာခြင်းကို မြော်လင့်တောင့်တလျက်၊ သန့်ရှင်းသောအကျင့် ကျင့်ခြင်းအားဖြင့် အသက်ရှင်နေထိုင်ရန် ခရစ်ယာန်တိုင်း၌ အခွင့်ရှိကြသည်။ (၂ ပေ ၃း၁၂) ကိုယ်တော်၏ နာမတော်၊ ဘုန်းတော် ထင်ရှားစေရန်ကြိုးစားအသက်ရှင်လျှင် ဤကမ္ဘာမြေကြီးပေါ်တွင်တရားတော်မျိုးစေ့ အဘယ်မျှလောက် လျင်မြန်စွာ ကြဲနိုင်မည်နည်း။ အသီးမှည့်၍နောက်ဆုံးရိတ်သိမ်းချိန်ကို လျင်မြန်စွာရောက်ရှိစေ၍ သခင်ခရစ်တော် စပါးများကို လျင်မြန်စွာလာရောက်စုသိမ်း လိမ့်မည်။ ခရစ်တော်၏သရုပ်ပြသြဝါများ စာ၊ ၆၉။

ဤနေရာ၌ အင်မတန်ဝမ်းမြောက်စရာသတင်းရှိပါတယ်။ သခင်ယေရှုသည် သူ၏လူမျိုးများ၏ အသက်တာကို ပြည့်စုံစေမည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုစုံလင်စေမည်။ (ဟေဗြဲ ၁၂း၁-၂) ဖိလပ္ပိအသင်းတော်၌ ပေါလုကြွေးကြော်သကဲ့သို့ ''သင်တို့တွင် ကောင်း သော အမှုကို ပြုစပြုတော်မူသောသူသည်၊ ယေရှုခရစ်၏ နေ့ရက် တိုင် အောင်ပြီး စီးလျက် ပြုတော်မူမည်ဟု ငါဘောကျ၏။'' (ဖိလပ္ပိ ၁း၆) အပြစ်တရားထက် ကရုဏာ တရား အားကြီး၏။ ''အပြစ်ပွားများသည့်အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။''(ရောမ ၅း၂၀)

ကျွန်ုပ်တို့၏အပြစ်နှင့် ညစ်ညမ်းသော အသက်တာ၌ ကိုယ်တော်ရိတ်သိမ်းခြင်း မည်သို့ပြုမည်ကို နားလည်ရန်ခက်ခဲသော်လည်း ယုံကြည်၍ကျေးဇူးတော်ကြောင့်သာ ပြည့်စုံသွားလိမ့်မည်။ ကိုယ်တော်၏ ကျေးဇူးတော်ကို ယုံကြည်၍သူ၏သန့်ရှင်းစေခြင်းတန်ခိုးကို လက်ခံလျက် နေ့စဉ်ကိုယ်တော်နှင့်သွားလာခြင်းဖြင့် ဝိညာဉ်ရေးအသက်တာ ရှင်သန်ကြီးထွားလာ စေရန် သခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်း၊ အားပေးထောက်ခံခြင်း တစ်ခုသာမှီခိုရာဖြစ်သည်။

## တတိယအပိုင်း - လုပ်ဆောင်ရန်

### ကိုယ်တိုင်တုံ့ပြန်မှု။

သခင်ခရစ်တော်သည် သူအစပြုခဲ့သောကယ်တင်ခြင်းလုပ်ငန်းကို အဆုံးထိလုပ်ကိုင်ခဲ့ကြောင်း ယခုတစ်ပတ် သင်ခန်းစာ၌ လေ့လာရသည်။''လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည့်အကြောင်း နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံ အရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည် ဖြစ်လတ္တံ့'' (မသဲ ၂၄း၁၄)

''သက်သေ''ဟူသောစကားလုံးကို အထူးပြုဖော်ပြထားသည်။ သက်သေခံသူသည် တရားခွင်၌ ကျမ်းကျိန်၍ သက်သေခံထွက်ဆိုရသည်။ လျှောက်တင်သောအရာများသည် အမှန်ဖြစ်ကြောင်း သက်သေက မှန်ကန်စွာ ထွက်ဆိုရမည်။

နောက်ဆုံးကြွေးကြော်ရမည့်သတင်းစကားသည် နှုတ်ပြောမျှသာမဟုတ် သခင်ခရစ်တော်၏ နောက်လိုက်များသည် ကိုယ်တော်နည်းတူ ကောင်းကင်က စမ်းသပ်ခြင်း ကို ခံနိုင်၍ သခင်ခရစ်တော်၌ ပုံသဏ္ဍာန် ပြောင်းလဲ၍ ''အသီးသီးဘာသာစကားကို ပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့'' ကို သက်သေခံသော အသက်တာနှင့် ခရစ်တော် ဒုတိယအကြိမ် ကြွလာသည့်တိုင်အောင် သစ္စာရှိရမည်။ ဒီ ''သက်သေ''ခံခြင်းဟာ ကမ္ဘာ့လူသားများရဲ့ တုံ့ပြန်မှု နှစ်မျိုးစလုံးဖြစ်တဲ့ လက်ခံ၏ သို့မဟုတ် ငြင်းပယ်၏ နှင့် သက်ဆိုင်ပါတယ်။ သခင် ခရစ်တော်နဲ့သက်ဆိုင်တဲ့သက်သေခံခြင်းကို မိမိရဲ့တုံ့ပြန်မှုအတိုင်း နောက်ဆုံး ရိတ်သိမ်းခြင်း ခံရပါမယ်။

သတင်းကောင်းရှိပါတယ်။ သမိုင်းဆိုတာ အဖြစ်အပျက်ရဲ့သံသရာစက်ဝန်း မဟုတ်ပါဘူး။ ဘဝသံသရာလည်နေခြင်းလည်း မဟုတ်ပါဘူး။ ကမ္ဘာ့သမိုင်းရဲ့ ဇတ်ရှိန် အမြင့်ဆုံးဖြစ်တဲ့ နောက်ဆုံးရိတ်သိမ်းချိန်တစ်ဖြစ်လည်း သခင်ခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာချိန်မှာ ကြားနေအသက်ရှင်လို့မရပါဘူး။ အမျိုးသား၊ အမျိုးသမီးအားလုံးဟာ ဘုရားသခင်ရဲ့ကရုဏာအားဖြင့် ကယ်တင်ခံရခြင်း၊ ဖြောင့်မတ်ခြင်းအသက်တာ သို့မဟုတ် ကိုယ့်ကိုယ်ကို ဗဟိုပြုသောအသက်တာ၌ ချည်နှောင်ထားခြင်း၊ နတ်ဆိုးထိန်ချုပ်သော အသက်တာဖြင့် နေထိုင်နေကြသည်။ ကျွန်ုပ်တို့၏ လေးနက်စွာ အသက်ရှင်နေထိုင်ချိန်၌ ထာဝရကာကအတွက် ရွေးချယ်မှုများပြုလုပ်ခြင်းသည် အောက်ဖော်ပြပါ အချက်အလက်၊ အသက်တာပြောင်းလဲခြင်း နှင့် ဆိုင်သော မေးခွန်းများကို ဦးတည်စေသည်။

## ဆရာ၊ ဆရာမများအတွက် ညွှန်ကြားချက်

အတန်းသားများအား မေးသောမေခွန်းကို ကျယ်ကျယ်ဖတ်ပါ။ သင်ဖတ်ပြသော မေးခွန်းကို စိတ်နှလုံးထဲ၌ ဆင်ခြင်စေပါ။ သူတို့၏လေးနက်စွာဖြေသောအဖြေများ ကြားတွင် မေးခွန်းကို ခြား၍မေးပေးပါ။

၁။ ကမ္ဘာ့သမိုင်း၏အရေးကြီးဆုံးသောအချိန်(နောက်ဆုံးသောကာလ)၌ သခင်ခရစ်တော်နှင့် ကတိပြုသောအရာမှလွဲ၍ သင့်အသက်တာအတွက် အသုံးမဝင်သော အရာများရှိမည်။ ထိုအရာများကို ဖော်ပြပါ။

၂။ ဟေဗြဲသြဝါဒစာ ၁၂း၁၅ကိုဖတ်ပါ။ အပင်၏အမြစ်သည် အသီးသီးလိမ့်မည်။ကောင်းသောအသီး သို့မဟုတ် ဆိုးသောအသီးဖြစ်မည်။ သင့်နှလုံးသားသည် တကိုယ်ကောင်း ဆန်ခြင်း၊ မကျေမနပ်ဖြစ်ခြင်း၊ တပ်မက်ခြင်း၊ ဒေါသထွက်ခြင်း၊ မနာလိုဖြစ်ခြင်း၊ မုန်းတီးခြင်းများ၌ အမြစ်စွဲနေပါသလာ။

## အပိတ်ဆုတောင်းခြင်း။

ဥပုသ်စာဖြေအတန်းပိတ်ချိန်၌ အတန်းသားများကို သူတို့၏အသက်တာ၌ အောင်မြင်ခြင်းရရှိရန် ခွန်အားပေးသော ခရစ်တော်၏ ကျေးဇူးကရုဏာတော်ကို တုံ့ပြန်ခြင်းဖြင့် သခင်ဒုတိယအကြိမ်ကြွလာခြင်း၌ အဆင်သင့်ဖြစ်စေရန် နှုတ်ဖြင့်ဝန်ခံစေပါ။ အပိတ်ဆုတောင်းခြင်းမလုပ်ခင် ခွန်အားရစေသော ဤကတိတော်ကျမ်းချက်ကို ဖတ်စေပါ။

‘‘လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ေဟာင်းေသာ အရာတို့သည် ေပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။ (ကောရိတ်သုသြဝါစာဒုတိယစောင် ၅း၁၇)